အမျိုးသားစာပေဆုရ

# ကျေးလက်စီးပွား

(ဆဋ္ဌမအကြိမ်)

# ပြည်သူ့အား

ဒေါက်တာချစ်

B.Sc(Ag) ; Ph.D(Ag.Sc)

ထပ်ဆင့်အမျိုးသားစာပေဆုရ



ဒေါက်တာချစ်

**B.Sc. Ag; Ph.D. (Ag.Sc)**

# ကျေးလက်စီးပွား ပြည်သူ့အား

# လူမတန် ကံကိုချ
# အပျင်းမေ့သူ ဆင်းရဲကြ။

အလုပ်နှင့်တန်အောင် ဇွဲလုံ့လ
ဝိရိယ မရှိသဖြင့် မအောင်မြင်
သည်ကို 'ကံမကောင်းလို့' ဟု
ဆင်ခြေ မပေးသင့်ချေ။ ပျင်းသူ
သည် ဖျင်းသည်။ ဖျင်းသူသည်
ဆင်းရဲမည်။


**လူမတန် ကံကိုချ**
**အပျင်းမေ့သူ ဆင်းရဲကြ။**

အလုပ်နှင့်တန်အောင် ဇွဲလုံ့လ
ဝိရိယ မရှိသဖြင့် မအောင်မြင်
သည်ကို 'ကံမကောင်းလို့'ဟု
ဆင်ခြေ မပေးသင့်ချေ၊ ပျင်းသူ
သည် ဖျင်းသည်။ ဖျင်းသူသည်
ဆင်းရဲမည်။

## အမှားပြင်ဆင်ချက်

| စဉ် | စာမျက်နှာ | အကြောင်းအရာ |
| --- | --- | --- |
| ၁။ | မာတိကာ (၁၁) | (၈) 'အနစ်'ကို 'အနှစ်' ဟုပြင်ဆင်ဖတ်ရှုပါရန်။ |
| ၂။ | ၁၂၈ | ဇယားထဲမှ ကြောင်းရေ (၆) ကြောင်းတွင် '၀. ၅၀' ကို '၀. ၂၅'ဟု ပြင်ဆင်ဖတ်ရှုပါရန်။ |
| ၃။ | ၁၈၂ (ဂ) | ခတ်ပုံမှ 'ပဲစဉ်းငုံ' အစား 'ပဲပုပ်'ဟု ပြင်ဆင်ဖတ်ရှုပါရန်။ |
| ၄။ | ၂၂၄ (ဂ) | မိတ်ဆွေပိုးများ ခတ်ပုံမှ ဥကပ်ပါး 'နှိ' အစား 'နဂျိ'ဟု ပြင်ဆင်ဖတ်ရှုပါရန်။ |
| ၅။ | ၃၇၇ | အပေါ်မှ စာကြောင်းရေ ၃ တွင် 'ယုတ်လျော့သည်' အစား 'ရှိသင့်သလောက် မရှိချေ။' ဟု ပြင်ဆင်ဖတ်ရှုပါရန်။ |
| ၆။ | ၃၇၈ | အောက်အပိုဒ် အောက်ဆုံးအကြောင်းတွင် 'တင်ပြလိုက်ရပါသည်'အစား 'သတိပြုသင့်ပါသည်' ဟု ပြင်ဆင်ဖတ်ရှုပါရန်။ |
| ၇။ | ၂၈၀ | စာကြောင်းရေ ၁၅ မှ "၉" မှ "၈" |
| ၈။ | ၂၈၀ | စာကြောင်းရေ ၁၆ မှ "၈" မှ "၇" |

## အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ သုတပဒေသာ (အသုံးချသိပ္ပံ) အဖွဲ့ငယ်၏မှတ်ချက်

"ကျေးလက်စီးပွားပြည်သူ့အား" စာအုပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများကို အပိုင်းသုံးပိုင်းခွဲကာ ဆက်စပ်တင်ပြထားသည်။ မြန်မာနိုင်ငံသည် စက်မှုနိုင်ငံအဖြစ် ထူထောင်နေသော်လည်း စိုက်ပျိုးရေးကို အခြေပြုလျက်ရှိပါသည်။ ဤစာအုပ်တွင် စာရေးသူတင်ပြထားသည့် အပိုင်းသုံးပိုင်းစလုံးမှာ ကုန်ထုတ်လုပ်မှုကို တိုက်ရိုက်အကျိုးပြုနေကြောင်း တွေ့ရသည်။ မိုးလေဝသနှင့်သီးနှံစိုက်ပျိုးမှု၊ စိုက်ပျိုးရေးနှင့် မြေဆီလွှာ၊ ပိုးမွှားအန္တရာယ်အမျိုးမျိုးနှင့် ကာကွယ်ရေးတို့ကို စုစည်းတင်ပြသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးမှ စီးပွားဖြစ် မွေးမြူရေးနှင့် မွေးမြူရေးအတွက် လိုအပ်ချက်များကိုလည်း ဖော်ပြသည်။ အိမ်တွင်းမှုလုပ်ငန်းတွင် စက်မှုသီးနှံများထုတ်လုပ်မှုမှအစ သွားရည်စာ ယိုလုပ်ငန်းအထိ အသေးစိတ်ပြုစုပေးထားသည်။ ဤသို့ရေးသားပြုစုရာတွင် ပညာရှင်တစ်ဦးက ပညာတတ်များသာ ဖတ်ရှုနိုင်သည့်အရေးအသားမျိုးမဟုတ်ဘဲ သာမန်လယ်သမားတစ်ဦးက ဖတ်ရှုလေ့လာကာ အကောင်အထည်ဖော်နိုင်သည့်နည်းများဖြစ်ကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်သောလူဦးရေသည် ကျေးလက်ဒေသများတွင်နေထိုင်လျက်ရှိပြီး လယ်ယာကုန်ထုတ်လုပ်ငန်းကိုဆောင်ရွက်နေကြသူများဖြစ်သည်။ ၎င်းတို့အတွက် နည်းပညာပိုင်းပညာပေးခြင်းထက် စီးပွားရေးပိုင်းခိုင်မာအောင်နှင့် မိသားစုစီးပွားပြေလည်ရေးအတွက် လမ်းပြပေးထားသည်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းနေချိန်ဖြစ်၍ ပေါ့ပေါ့တန်တန်မထားအပ်ကြောင်း စာရေးသူက တိုက်တွန်းထားပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းစဉ်ကြီးငါးရပ်ကို အထောက်အကူပြုပါသဖြင့် သုတပဒေသာ (အသုံးချသိပ္ပံ) အဖွဲ့ငယ်က "ကျေးလက်စီးပွားပြည်သူ့အား" စာအုပ်ကို အမျိုးသားစာပေဆု၊ သုတပဒေသာ (အသုံးချသိပ္ပံ)အတွက် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

မာတိကာ

ကျေးဇူးတင်လွှာ က
နိဒါန်း ၁
အမှာစာ ၅

# အပိုင်း ( ၁ )

## သီးနှံစိုက်ပျိုးရေး

၁။ မိုးလေဝသ ၉
(က) ဖွဲ့ဆိုချက်များ ၁၀
(ခ) မိုးကြီးရွာရက် သတ်မှတ်ချက် ၁၁
(ဂ) မိုးဦး၊ မိုးလယ်၊ မိုးနှောင်း ကောင်းမကောင်း မှတ်သားချက် ၁၂
(ဃ) ဆယ့်နှစ်ရာသီမိုး ၁၄
(င) မိုးရေချိန် ခန့်မှန်းချက် ၁၅

၂။ သီးနှံအလိုက် စိုက်ပျိုးရက် သတ်မှတ်ချက် ၁၇
၃။ မြေဩဇာထက်သန်မှု ရှိမရှိ ၁၉
၄။ နည်းလမ်းမျိုးစုံ မိုးရေထိန်းသိမ်းပုံ ၂၁
(က) မြေကွက်အနေအထား ၂၂
(ခ) ထရေး ယူထားခြင်း ၂၃
(ဂ) မြေဩဇာ ၂၄
(ဃ) သီးနှံအမျိုးအစား ၂၅
(င) စိုက်ပျိုးနည်း ၂၆
(စ) အခြားနည်းလမ်းများ ၂၉

၅။ မြေမျက်နှာပြင် ညီညာဖို့ ဒီလိုဆောင်ရွက်စို့ ၃၃
၆။ ထွန်ယက်စိုက်ပျိုး အထွက်တိုး ၃၇
၇။ ထရေးမဲ့ စိုက်ပျိုးရေး ၄၃
၈။ သစ်စိမ်းမြေဩဇာ တို့မြေကမ္ဘာ ၄၇

၉။ မြေဆီမြေနှစ် အိမ်မှဖြစ် ၅၁
၁၀။ နည်းလမ်းမှန်မှန် နွားချေးမြေဩဇာ သုံးစွဲရန် ၅၅
၁၁။ လက်လုပ်မီသမျှ မြေဆီဩဇာရ ၅၈
(က) ဂွာနို ၅၈
(ခ) ငါးလုပ်ငန်းမှ စွန့်ပစ်ပစ္စည်း ၆၀
(ဂ) သားသတ်ရုံမှ စွန့်ပစ်ပစ္စည်း ၆၀
(ဃ) သစ်ပင် အကြွင်းအကျန် ၆၀
(င) ဖျစ်စက်ရုံမှ စွန့်ပစ်ပစ္စည်း ၆၁
(စ) ပင်လယ်ရေညှိ ၆၁
(ဆ) အမှိုက်ပုံ မြေဆွေး ၆၁
(ဇ) မိလ္လာအနည်အနှစ် ၆၂

၁၂။ ဓာတ်မြေဩဇာအကျိုး အထွက်တိုး ၆၃
(က) နိုက်ထရိုဂျင်ဓာတ် ၆၇
(ခ) ဖော့စ်ဖာရပ်စ်ဓာတ် ၆၉
(ဂ) ပိုတက်စီယံဓာတ် ၇၀
(ဃ) ကာလ်စီယမ်ဓာတ် ၇၃
(င) မဂ္ဂနီစီယမ်ဓာတ် ၇၃
(စ) ဆာလ်ဖာဓာတ် ၇၆
(ဆ) အနည်းအကျဉ်းသာလိုသော ဓာတ်များ ၇၆

၁၃။ သီးနှံရေမြေ သိအပ်ပေ ၇၇

၁၄။ သီးနှံပင်နှင့် သဘာဝပတ်ဝန်းကျင် ၈၃

(က) နေရောင်ခြည် ၈၃

(ခ) ရေ ၈၄

၁၅။ မြေဆီလွှာနှင့်သီးနှံပင် အံဝင်ခွင်ကျဖြစ်စေချင် ၈၇

(က) မြေဆီလွှာ ဖွဲ့စည်းမှု ၈၇

(ခ) မြေအချဉ်အငန်ဓာတ် ၈၉

၁၆။ စိုက်စနစ်များ သတိထား ၉၅

(က) မျိုးစေ့ ၉၅

(ခ) မျိုးစေ့ချ စိုက်ပျိုးနည်း ၉၆

(ဂ) အပင် အထူအပါး ၉၈

(ဃ) အစိုဓာတ် ၉၉

(င) ကြားထွန်၊ လက်ပေါင်း၊ သားခွဲ ၉၉

၁၇။ လေညှာမှ လေကာပင် စိုက်ကြစို့ ၁၀၃

၁၈။ ဝါးပင်စိုက်ပျိုး တို့အကျိုး ၁၀၇

၁၉။ အသုံးများတဲ့ဝါး နည်းလမ်းမှန်စွာ စိုက်ပျိုးထား ၁၁၀

(က) ပျိုးထောင်ပြီး စိုက်ပျိုးခြင်း ၁၁၂

(ခ) ပျိုးပင် စိုက်ပျိုးခြင်း ၁၁၃

(ဂ) ဝါးခုတ်ခြင်း ၁၁၄

၂၀။ လယ်ယာစီးပွား တို့လုပ်အား ၁၁၇

၂၁။ နံစားသီးနှံ တို့နိုင်ငံ ၁၄၁

(က) စပါး ၁၄၂

(ခ) ဂျုံ ၁၄၇
(ဂ) ပြောင်းဖူး ၁၄၉
(ဃ) နံစားပြောင်း ၁၅၂
(င) လူး ၁၅၅
(စ) ဆတ် ၁၅၆

၂၂။ ဆီထွက်သီးနှံ တိုးချဲ့ရန် ၁၆၁
(က) မြေပဲ ၁၆၃
(ခ) နှမ်း ၁၆၆
(ဂ) နေကြာ ၁၆၉
(ဃ) ပန်းနှမ်း ၁၇၁
(င) ဆူးပန်း ၁၇၂
(စ) မုန်ညင်း ၁၇၄

၂၃။ ပဲမျိုးစုံနှင့် မြန်မာ့ဂုဏ် ၁၇၇
၂၄။ စက်မှုကုန်ကြမ်း ရှေ့တက်လှမ်း ၁၇၃
(က) ဝါ ၁၇၄
(ခ) ကြံ ၁၇၇
(ဂ) ဂုံလျှော် ၁၈၀
(ဃ) ဘန်လျှော် ၁၈၃
(င) ချည်ပေါင်လျှော် ၁၈၅
(စ) နာနတ်လျှော် ၁၈၇

၂၅။ သီးထပ်သီးညှပ် စိုက်ဖို့မှတ် ၂၀၀
(က) သီးထပ် စိုက်ပျိုးခြင်း ၂၀၀

| | | |
|---|---|---|
| | (ခ) အလုည့်ကျ စိုက်ပျိုးခြင်း | ၂၈၁ |
| | (ဂ) သီးညှပ် စိုက်ပျိုးခြင်း | ၂၈၃ |
| ၂၂။ | ရန်သူပိုးမွှား တို့သိထား | ၂၈၇ |
| | (က) ပျပိုး | ၂၈၈ |
| | (ခ) ဖြတ်စိမ်းပိုး | ၂၈၉ |
| | (ဂ) လေးပိုး | ၂၈၉ |
| | (ဃ) ယင်ဖြူပိုး | ၂၉၀ |
| | (င) ပင့်ကူနီ | ၂၉၀ |
| | (စ) ရွက်စားပိုး | ၂၉၁ |
| | (ဆ) အမေရိကန် သီးလုံးဖောက်ပိုး | ၂၉၁ |
| | (ဇ) အစက်ပြောက် သီးလုံးဖောက်ပိုး | ၂၉၂ |
| | (ဈ) ပန်းရောင် သီးလုံးဖောက်ပိုး | ၂၉၂ |
| | (ည) ဝါဂွမ်းပိုးနီကောင် | ၂၉၃ |
| ၂၃။ | ပိုးမွှားရောဂါ ကာကွယ်ပါ | ၂၉၅ |
| | (က) စိုက်ပျိုးနည်း | ၂၉၅ |
| | (ခ) ဇီဝနည်း | ၂၉၆ |
| | (ဂ) ဓာတုနည်း | ၂၉၇ |
| | (ဃ) ဓာတုဆေးများ သတိထား | ၃၀၀ |
| ၂၄။ | ခြင်္သေ့တွယ်တိုင်းတာ သိမှတ်စရာ | ၃၀၅ |
| | (က) အလျားတိုင်း | ၃၁၀ |
| | (ခ) အလေးချိန် | ၃၁၀ |
| | (ဂ) ထုထည် | ၃၁၂ |
| | (ဃ) အပူချိန် | ၃၁၃ |

# အပိုင်း ( ၂ )

## တိရစ္ဆာန်မွေးမြူရေး


၂၉။ တောင်သူလယ်သမားနှင့် မြန်မာ့နိုင်းနွား ၂၈၇
၃၀။ မြန်မာ့နိုင်းနွား၏ ကြန်အင်လက္ခဏာများ ၂၉၁
(က) အမွေးအရောင် ၂၉၂
(ခ) လက္ခဏာ ၂၉၃
(ဂ) အမှတ်အသား ၂၉၃
(ဃ) ဇွဲ ၂၉၄
(င) အဆိုအမိန့်များ ၂၉၄

၃၁။ မြန်မာ့နိုင်းနွား စောင့်ရှောက်ထား ၂၉၅
(က) အလုပ်ချိန် ၂၉၅
(ခ) အစားအစာ ၂၉၆
(ဂ) ရောဂါဝေဒနာ ၂၉၇
(ဃ) မြန်မာ့ဆေး ၃၀၀

၃၂။ တစ်ပိုင်တစ်နိုင် မွေးမြူသွား၊ ကျေးလက်တို့စီးပွား ၂၃၁
(က) ကြက်မွေးမြူရေး ၂၃၁
(ခ) ဘဲမွေးမြူရေး ၂၃၄
(ဂ) ကြက်ဘဲရောဂါ ၂၃၅
(ဃ) သိုးဆိတ်မွေးမြူရေး ၂၃၈
(င) ဝက်မွေးမြူရေး ၂၄၀
(စ) ဝက်ရောဂါ ၂၄၂

၃၃။ စီးပွားဖြစ်မွေးမြူ တို့တောင်သူ ၂၄၇
(က) ဥစားကြက်မွေးမြူရေး ၂၄၈
(ခ) ဝက်မွေးမြူရေး ၂၅၀
(ဂ) ဆိတ်မွေးမြူရေး ၂၅၄
(ဃ) နို့စားနွားမွေးမြူရေး ၂၅၉

၃၄။ နို့စားနွား ကျေးလက်တို့စီးပွား ၂၆၂
(က) မွေးစ နွားကလေး ၂၆၃
(ခ) သားတင်ခြင်း ၂၆၆
(ဂ) အစားအစာ ၂၆၈
(ဃ) နို့ညှစ်ခြင်း ၂၇၁
(င) နွားတင်းကုတ် ၂၇၄
(စ) နွားစာချဉ်ဖတ် ၂၇၅
(ဆ) ကျန်းမာရေး ၂၇၆
(ဇ) ယင်ကောင် အန္တရာယ် ၂၇၇

၃၅။ ကျွဲနွားရောဂါလက္ခဏာ ၂၇၉
၃၆။ မေထုန်မဲ့သားစပ်ခြင်း ၃၀၃

၃၇။ စီးပွားဖြစ်မွေးမြူရေးအတွက် သိရှိထားရန်လိုအပ်ချက် ၃၀၇
(က) ရေ ၃၀၇
(ခ) အသားထွက်နှုန်း ၃၀၈
(ဂ) အစာနှုန်းထား ၃၀၈

၃၈။ မွေးမြူရေးကြက်အတွက် လိုအပ်ချက် ၃၀၉
(က) အပူချိန် ၃၀၉
(ခ) လေထု စိုထိုင်းဆ ၃၁၀
(ဂ) အလင်းရောင် ၃၁၁
(ဃ) အလင်းရောင်၏ပြင်းအား ၃၁၁
(င) အစာအာဟာရ ၃၁၂

## အပိုင်း ( ၃ )

### အိမ်တွင်းမှုလုပ်ငန်း


၃၈။ လယ်ယာထွက်ကုန် ကြိတ်ခွဲရေးလုပ်ငန်း ၃၁၇

(က) စပါးနှင့် နံစားသီးနှံ ၃၁၇

(ခ) ဆီထွက်သီးနှံ ၃၁၉

(ဂ) ပဲ ၃၂၁

(ဃ) ဂျုံ ၃၂၃

(င) ဓါ ၃၂၃

(စ) ကြံ ၃၂၄

(ဆ) ငရုတ် ၃၂၄

(ဇ) ဆေးရွက် ၃၂၄

(ဈ) လက်ဖက် ၃၂၆

(ည) အုန်းသီး ၃၂၆

၄၀။ အထည်ရက်လုပ်ငန်း ၃၂၅

(က) ဝါရွေးခြင်း ၃၂၆

(ခ) ဝါကြိတ်ခြင်း ၃၂၇

(ဂ) ဝါဖတ်ခြင်း ၃၂၇

(ဃ) ဗိုင်းလိပ်ခြင်း ၃၂၈

(င) ဗိုင်းငင်ခြင်း ၃၂၈

(စ) ချည်သေခြင်း ၃၂၉

(ဆ) ဆေးဆိုးခြင်း ၃၂၉

(ဇ) ချည်စာ နင်းခြင်း ၃၂၉

(ဈ) ချည်စာ ဖြီးခြင်း ၃၂၉

(ည) တညင်းလုံးရောက်ခြင်း ၃၃၀

(ဋ) ရက်ဖောက်ရောက်ခြင်း ၃၃၀

(ဌ) ရက်ကန်းရှည်ခြင်း ၃၃၀

(ဍ) နတ်ကောက်ခြင်း ၃၃၁

(ဎ) ရက်ကန်းရက်ခြင်း ၃၃၁

(ဏ) ချည်နံ့ပါတ် ၃၃၂

၄၁။ ထန်းလျက်လုပ်ငန်း ၃၃၃

(က) ထန်းပို ၃၃၇

(ခ) ညှပ်ထန်း ၃၃၉

(ဂ) ရောင်စ ၃၃၉

(ဃ) သီးရင့် ၃၄၀

(င) မြူအိုး ၃၄၀

(စ) ထန်းတက် ၃၄၁

(ဆ) အထွက် ၃၄၁

(ဇ) ထန်းလျက်ဗို ၃၄၂

(ဈ) အသုံးဝင် ၃၄၄

၄၂။ မြေအိုးလုပ်ငန်း ၃၄၇
၄၃။ ထွက်ကုန်များ တာရှည်ခံပြုလုပ်ခြင်းလုပ်ငန်း ၃၅၀
(က) နို့ ၃၅၀
(ခ) အခြောက်ခံ ၃၅၂
(ဂ) ယိုနှင့် ဖျော်ရည် ၃၅၃
(ဃ) သားရေနယ် ၃၅၃
(င) အရိုး ၃၅၄

၄၄။ သစ်သီးယိုစုံလုပ်ငန်း ၃၅၅
(က) ယိုများ ၃၅၆
(ခ) သတိထား ၃၅၈
(ဂ) မြန်မာ့နည်း ၃၆၃

၄၅။ ဝါးလုပ်ငန်း ၃၆၅
၄၆။ ကြိမ်လုပ်ငန်း ၃၆၇
၄၇။ ပုသိမ်ထီးလုပ်ငန်း ၃၆၉
၄၈။ အခြားအိမ်တွင်းလက်မှုလုပ်ငန်း ၃၇၃
၄၉။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းကြစို့ ၃၇၅

၅၀။ ကိုးကားသော စာအုပ်စာတမ်းများ ၃၇၉

# နိဒါန်း

လူတို့အတွက် အဓိကလိုအပ်ချက်မှာ စားရေး၊ ဝတ်ရေးနှင့် နေထိုင်ရေးတို့ဖြစ်သည်။ ထိုလိုအပ်ချက်များကို မိမိနိုင်ငံအတွင်းတွင် မဖြည့်ဆည်းနိုင်သော နိုင်ငံများထဲ၌ စက်မှုဖွံ့ဖြိုးပြီး ချမ်းသာကြွယ်ဝသော နိုင်ငံအချို့လည်း ပါဝင်နေသည်။ စားရေးနှင့် ဝတ်ရေးတို့အတွက် ပြည်တွင်းတွင် လုံလောက်အောင် မထုတ်လုပ်နိုင်သည့် အကြောင်းရင်းမှာ လုပ်ကွက်မြေကျဉ်းမြောင်းခြင်း၊ ရာသီဥတု အဆင်မပြေခြင်း၊ လူလုပ်အား ရှားပါးခြင်း၊ နည်းပညာ မပြည့်စုံခြင်း၊ အထောက်အကူပြုပစ္စည်း မလုံလောက်ခြင်း စသည်တို့ဖြစ်သည်။

မြန်မာနိုင်ငံသည် မြောက်လတ္တီတွတ် ၉-ဒီဂရီ ၃၀-မိနစ်မှ ၂၈-ဒီဂရီ ၃၁-မိနစ် အတွင်း၌ တည်ရှိသည်။ မြန်မာနိုင်ငံသည် တောင်နှင့်မြောက် ရှည်လျားသဖြင့် မြောက်ပိုင်း သုံးပုံတစ်ပုံခန့်သည် သမအပူပိုင်းဇုန်တွင် ရှိပြီး၊ တောင်ပိုင်း သုံးပုံ နှစ်ပုံသည် အပူပိုင်းဇုန်တွင် ရှိသည်။ အအေးဆုံးဒေသ (ချင်း)၌ အအေးဆုံးရာသီတွင် ပျမ်းမျှအပူချိန်မှာ ၅၇-ဒီဂရီ ဖားရင်

ဟိုက် (၁၃. ၈ံC) ဖြစ်ပြီး၊ အပူဆုံးရာသီတွင် ၇၆-ဒီဂရီ ဖားရင်ဟိုက် (၂၄. ၃ံC) ဖြစ်သည်။ အပူ ဆုံးဒေသ (မကွေး)၌ အအေးဆုံးရာသီတွင် ပျမ်းမျှအပူချိန်မှာ ၇၁ ဒီဂရီ ဖားရင်ဟိုက် (၂၁. ၅ံC) ဖြစ်ပြီး၊ အပူဆုံးရာသီတွင် ၉၇-ဒီဂရီ ဖားရင်ဟိုက် (၃၆ံC)ဖြစ်သည်။

မြန်မာနိုင်ငံ၏ အရှေ့ဘက်ပိုင်းတွင် ရှမ်းကုန်းပြင်မြင့်နှင့် ရိုးမတောင်တန်း၊ အနောက်ဘက်ပိုင်းတွင် ရခိုင်ရိုးမတောင်တန်း၊ မြောက်ဘက်ပိုင်းတွင် ကချင်တောင်တန်းများ ရှိပြီး၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော် ရှိသည်။ ရှမ်းကုန်းပြင်မြင့်နှင့် ရခိုင်ရိုးမတောင်တန်းများ အကြား မြောက်ဘက်မှ တောင်ဘက်သို့ နိမ့်သွားသော ချိုင့်ဝှမ်းလွင်ပြင်ကြီးလည်း ရှိသည်။ မြောက်ဘက်ပိုင်းတွင် တောင်တန်းကြီးများ၊ သစ်တောကြီးများ ရှိနေသဖြင့် မိုးရေချိန်လက်မ ၇၅-၁၀၀ (၁၉၀၅-၂၅၄၀ မမ) ခန့် ရွာလေ့ရှိသည်။ မြန်မာနိုင်ငံတွင် မေလမှ အောက်တိုဘာလအထိ ၆-လခန့် မိုးရွာလေ့ရှိသည်။ အကြမ်းအားဖြင့် နွေ၊ မိုး၊ ဆောင်းဥတု ၃ မျိုး ရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်းတွင် နှစ်စဉ်မိုးရေချိန် လက်မ ၃၀-အောက်၊ ထိုအလယ်ပိုင်း၏ ပတ်ဝန်းကျင်ဒေသများတွင် လက်မ ၃၀-၅၀၊ ထို့နောက် ပတ်ဝန်းကျင်နှင့် ရှမ်းကုန်းပြင်မြင့်တွင် လက်မ ၅၀-၇၅၊ မြန်မာပြည်အထက်ပိုင်းနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတို့တွင် လက်မ ၇၅-၁၀၀၊ ရခိုင်၊ တနင်္သာရီနှင့် စစ်တောင်းမြစ် အောက်ပိုင်းတို့တွင် လက်မ ၁၀၀အထက်နှင့် ရခိုင်၊ တနင်္သာရီကမ်းရိုးတန်းဒေသအချို့၌ လက်မ ၂၀၀ ကျော်အထိ မိုးရွာလေ့ရှိသည်။ ထို့အပြင် ဧရာဝတီ၊ ချင်းတွင်း၊ မြစ်သာ၊ စစ်တောင်းစသောမြစ်များသည် တစ်နှစ်ပတ်လုံး အလယ်ပိုင်းလွင်ပြင်ကိုဖြတ်၍ ရေဧကပေ ၈၇၇ သန်းခန့် စီးဆင်းနေသည်။ ဆည်မြောင်း၊ ကန်၊ ချောင်း၊ အင်း၊ အိုင်များလည်း ပေါများသည်။

နေ၏အလင်းရောင်ကိုလည်း တစ်နေ့လျှင် အနည်းဆုံး ၁၀နာရီမှ

အများဆုံး ၁၂နာရီအထိ ရရှိနိုင်သည်။ မိုးတိမ်ထူထပ်ပြီး နေရောင်ခြည် အပြည့်အဝ မရရှိသည့်အချိန်ကာလသည် သီးနှံမျိုးနှင့်၊ လွတ်ကျောင်း မွေး မြူသော တိရစ္ဆာန်မျိုးများ၏သက်တမ်းနှင့် နှိုင်းစာလျှင် မပြောပလောက် ချေ။

မြန်မာနိုင်ငံတွင် စိုက်ပျိုးနေသော မြေအကျယ်အဝန်းမှာ ဧက ၃၁. ၀၈ သန်းရှိပြီး (၂၀၀၆-၂၀၀၇ခု)၊ စုစုပေါင်း မြေဧရိယာဧက ၄၃. ၅ သန်းခန့်အထိ တိုးချဲ့စိုက်ပျိုးနိုင်သည်။ ၂-သီးစား၊ ၃-သီးစား စိုက်ပျိုးနေသော ဧရိယာ (ဧက ၁၉. ၈၆ သန်း) ပါပေါင်းထည့်လျှင် လက်ရှိစိုက်ပျိုးနေသော သီးနှံဧရိယာ ဧက ၅၀. ၉၄ သန်း ဖြစ်လာမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ၁၉၄၀-၄၁ ခုနှစ်တွင် လူဦးရေ ၁၆. ၈ သန်းရှိပြီး၊ လူတစ်ဦးကျ စိုက်ပျိုး မြေဧရိယာ ၁. ၀၄ဧက၊ သီးနှံဧရိယာ ၁. ၁၂ ဧက ရှိခဲ့သည်။ ထို့နောက် ၁၉၆၁-၆၂ ခုနှစ်တွင် လူဦးရေ ၂၃. ၃ သန်း ရှိလာပြီး၊ လူတစ်ဦးကျ စိုက်ပျိုးမြေဧရိယာ ၀. ၇၆ ဧက၊ သီးနှံဧရိယာ ၀. ၈၂ ဧက သာရှိတော့ သည်။ တစ်ဖန် ၁၉၈၁-၈၂ခုနှစ်တွင် လူဦးရေ ၃၄. ၃ သန်းရှိပြီး၊ တစ်ဦးကျ စိုက်ပျိုးမြေ ဧရိယာ ၀. ၆၁ ဧက၊ သီးနှံဧရိယာ ၀. ၇၃ ဧကသို့ ထပ်မံ ကျဆင်းသွားသည်။ ၁၉၈၀-၈၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့် ရုရှားပြည်ထောင်စုတို့၌ တစ်ဦးကျ စိုက်ပျိုးမြေဧရိယာ ၂. ၂ နှင့် ၂. ၃ ဧကစီ ရှိခဲ့သည်။ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ၏ လူတစ်ဦးကျ စိုက် ပျိုးမြေဧရိယာ ၀. ၅၆ ဧကခန့်နှင့် သီးနှံဧရိယာ ၀. ၉၃ ဧကခန့်သာရှိ သေးသည်။

မြန်မာနိုင်ငံ၏ ပိုင်နက်ပင်လယ်၏ စီးပွားရေးဇုန် အကျယ်အဝန်း မှာ ဧက ၅၈. ၆ သန်း (စတုရန်းမိုင် ၉၁၅၁၂) ခန့်ရှိသည်။

မြန်မာနိုင်ငံ၏ လူဦးရေမှာ ၂၀၀၆ ခုနှစ်တွင် ၅၅-သန်းကျော် ရှိပြီး

အလုပ် လုပ်ကိုင်နိုင်သူ ၃၄. ၇သန်းခန့် ရှိနိုင်သည်။ ထိုအထဲမှ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်နိုင်သူ ၂၂. ၃ သန်းခန့်ရှိသည်။

ဖော်ပြပါ အခြေအနေများအရ မြေရှိသည်၊ ရေရှိသည်၊ ရာသီဥတု မျိုးစုံရှိသည်၊ လူလုပ်အားပြည့်ဝသည်၊ အထောက်အကူပြုပစ္စည်း အထိုက်အလျောက်ရှိသည်၊ နည်းပညာ အသင့်အတင့်ရှိသည်။ ထို့ကြောင့် ပြည်တွင်းတွင် စားရေးဝတ်ရေးအတွက် ဖူလုံနိုင်ရုံသာမက ပြည်ပကိုပါ စီးပွားဖြစ် တင်ပို့နိုင်မည်ဖြစ်သည်။ အဓိက လိုအပ်ချက်မှာ အစွမ်းရှိသမျှ အလုပ်လုပ်ကြဖို့နှင့် လုပ်သမျှကို နည်းမှန်လမ်းမှန် လုပ်ကြဖို့သာဖြစ်သည်။

နည်းမှန်လမ်းမှန်လုပ်ကိုင်နိုင်စေဖို့ အောင်မြင်ဖြစ်ထွန်းနေသော တောင်သူလယ်သမားကြီးများ၊ မွေးမြူရေး လုပ်ငန်းရှင်များ၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းရှင်များ၏ အတွေ့အကြုံများကို သိပ္ပံပညာရှင်များ၏ တွေ့ရှိချက်များနှင့် ပေါင်းစပ်၍ ဤစာအုပ်ကို ရေးသားထားပါသည်။ ဤစာအုပ်သည် ကျေးလက်စီးပွားရေး တိုးတက်ဖို့အတွက် ထိုက်သင့်သော နည်းပညာ ရရှိမည်ဟု ယုံကြည်မိပါသည်။

၁၃၆၈-ခုနှစ်၊ ကဆုန်လဆုတ် -၂ရက်<br>
၂၀၀၇-ခုနှစ်၊ မေလ -၂ရက်

ဒေါက်တာချစ်<br>
ဒုတိယဝန်ကြီး (ငြိမ်း)<br>
**အမျိုးသားစာပေဆု (သုတပဒေသာ - အသုံးချသိပ္ပံ) ၂၀၀၄ နှင့် ၂၀၀၇ ခုနှစ်**

# အမှာစာ

ဤစာအုပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို စုပေါင်းရေးသားထားသည်။ စိုက်ပျိုးရေးတွင် သီးနှံပင်၏သမိုင်း၊ ကြိုက်နှစ်သက်သော ရေမြေရာသီဥတု၊ စိုက်ပျိုးနည်းစနစ်၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နှင်းခြင်း စသည်များပါဝင်သည်။ မွေးမြူရေးတွင် တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ စီးပွားဖြစ် မွေးမြူရေး၊ လူတစ်ဦး တစ်နိုင်မွေးမြူနိုင်သောပမာဏ၊ မွေးမြူရေးတိရစ္ဆာန်တို့၏ သဘာဝ၊ ရောဂါနှင့် ကာကွယ်နှိမ်နှင်းနည်း စသည်များပါဝင်သည်။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွင် ကျေးလက်နေပြည်သူများ လုပ်ကိုင်ခဲ့သော၊ လက်ရှိလုပ်ကိုင်နေသော၊ ဆက်လက်လုပ်ကိုင်သင့်သော လုပ်ငန်းများကို ထိန်းသိမ်းထားရန်နှင့် တိုးချဲ့လုပ်ကိုင်ရန်တင်ပြထားသည်။ ခြုံ၍ကြည့်လျှင် နည်းပညာပိုင်း (Technical Aspect) ထက် စီးပွားရေးပိုင်း (Economic Aspect) ကိုဦးစားပေး၍ လယ်ယာစီးပွားသတင်းဂျာနယ်တွင် ရေးသားခဲ့သော ဆောင်းပါးများကို စုစည်း၍တင်ပြထားပါသည်။

မြန်မာနိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့် ရှိနေသော ကျေးလက်

ဒ်နဲ ပြည်သူပြည်သားများထဲမှ ဦးစီး ဦးဆောင်လုပ်ကိုင်နေသူများ၊ ၎င်းတို့၏ ဇနီး၊ သားသမီးများနှင့် အလုပ်သမားများပါ သိရှိနားလည် ပြီး၊ လိုက်နာ ဆောင်ရွက်စေဖို့ ရည်ရွယ်၍ ရေးသားထားပါသည်။ ထို့ကြောင့် ဘာသာရပ်အလိုက် ပညာရှင်များအတွက် ဤစာအုပ်သည် ပြီးပြည့်စုံမည် မဟုတ်ပါ။ ပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနေဆဲကာလတွင် မိရိုးဖလာ လက်မှုလယ်ယာစနစ်ကို ပေါ့ပေါ့တန်တန် မထားဘဲ အလေးအနက်ထားပြီး လေ့လာကြဖို့နှင့် နည်းမှန်လမ်းမှန် လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါသည်။ ထို့ကြောင့် ကျေးလက်နေ ပြည်သူများအနေဖြင့် မသိသေးသောအချက်၊ တစ်ပိုင်းတစ်စသာ သိနေသောအချက်၊ သိသော်လည်း မလိုက်နာဖြစ်သောအချက်များကို ဤစာအုပ်တွင် ဖော်ပြထားပါသည်။ သိရှိပြီး လိုက်နာဆောင်ရွက်သွားပါက လက်ရှိစီးပွားရေးထက် ၂-ဆ၊ ၃-ဆ မက တိုးတက်လာမည်ဖြစ်ကြောင်း ယုံကြည်စွာ ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုက်ရပါသည်။

စာတွေ့မှ ငါတွေ့ဖြစ်နိုင်ကြပါစေ။
စာရေးသူ

# အပိုင်း ( ၁ )

## သီးနှံစိုက်ပျိုးရေး

မြန်မာနိုင်ငံတွင် ရေမြေရာသီဥတုမျိုးစုံရှိသဖြင့် သီးနှံမျိုးကြီးပေါင်း ၆၀- ကျော်ကို စိုက်ပျိုးပြီး ဖြစ်ထွန်းနေသည်။ ထိုသီးနှံများထဲတွင် အမည်နာမကိုကြည့်လျှင် နှံစားသီးနှံ (Cereals) ၆-မျိုး၊ ဆီထွက်သီးနှံ (Oil crops) ၈- မျိုး၊ လျှော်ထွက်နှင့် စက်မှုကုန်ကြမ်းနှစ်ချင်းသီးနှံ (Fibre and Industrial) ၅- မျိုး၊ ပဲမျိုးစုံ (Peas and Beans) ၂၃- မျိုး၊ ဟင်းခတ်အမွှေးအကြိုင် (spice) ၉-မျိုး၊ ဆေးဘက်ဝင်အပင် (Medicinal Plants) ၇-မျိုး၊ ဥယျာဉ်ခြံသီးပင် (Orchard) ၂၅- မျိုး၊ ဟင်းသီးဟင်းရွက် (Vegetables) ၂၄မျိုး၊ မူးယစ်နှင့် ဆိုးဆေးပင် (Drug and Dyes) ၄-မျိုးနှင့် အခြား (Others) ၁၅-မျိုး၊ စုစုပေါင်း ၁၂၆- မျိုးခန့် ပါဝင်သည်။ ထိုသီးနှံအများစုကို မိမိပြည်တွင်းသုံး (Subsistence Agriculture) အဖြစ်သာ စိုက်ပျိုးနေကြပြီး၊ အချို့ကိုသာ ပြည်ပဈေးကွက်ဝင် သီးနှံအဖြစ် စိုက်ပျိုးနေသည်။

စီးပွားဖြစ် စိုက်ပျိုးလိုလျှင် ရေအကြောင်း၊ မြေအကြောင်း၊ ရာသီဥတုအကြောင်း၊ သီးနှံပင်၏ သဘာဝအကြောင်း၊ ဈေးကွက်အခြေအနေနှင့် ပံ့ပိုးပစ္စည်း ရရှိနိုင်မှု အခြေအနေစသည်တို့ကို ကြိုတင် သိရှိနားလည်ပြီး အကွက်စေ့စေ့ ဆောင်ရွက်ကြဖို့ အရေးကြီးသည်။

( ၁ )

## မိုးလေဝသ

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသသည် ယခင်မိုးခေါင်ပြီး ရေရှားခဲ့သည်။ ညောင်ဦးမြို့နယ်၊ ငသရောက်ကျေးရွာသည် တစ်ချိန်က ရေအလွန်ရှားပါးသဖြင့် မိမိနှင့် လုပ်ဖော်ကိုင်ဘက်ဖြစ်သော ခိုင်းနွားများကိုပင် အစာတစ်ရက်၊ ရေတစ်ရက်ခြား တိုက်ကျွေးခဲ့ရသည်ဟုပင် ဆိုစမှတ်ပြုခဲ့ကြသည်။ ထို့ကြောင့် အစာအလွန်စားသူ (သို့မဟုတ်) ရေအလွန်သောက်သူကို **'ငသရောက်နွား'** နှင့် ပုံခိုင်းသည်ကိုပင် ကြားခဲ့ဖူးသည်။

လယ်ယာစီးပွားဖြင့် အသက်မွေးဝမ်းကြောင်းပြုနေသူ တောင်သူများသည် **'ရွှေကိုမလို၊ ရေကိုသာ လိုသည်'** ဟုပင် တင်စားခဲ့ကြသည်။ ထို့ကြောင့် တောင်သူများသည် မိုးလေဝသကို လေ့လာမှတ်သားကြသည်။ လက်ဆင့်ကမ်း ပညာပေးကြသည်။ အချို့သော ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်တို့သည် နောင်လာနောင်သား မှတ်သားစေရန် စာပေဖြင့် မှတ်တမ်းတင်ကြသည်။ ကဗျာ၊ လင်္ကာ၊ သံပေါက်၊ လေးချိုး၊ ဒွေးချိုးစသဖြင့် မိုးလေဝသအကြောင်းကို ဖွဲ့ဆိုကြသည်။

ဆက်လက်ဖတ်ရှုလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊

ဗဟိုစာကြည့်တိုက် ( e-Library ) တွင်

လာရောက်ဖတ်ရှုနိုင်ပါသည်။

